# မြမှုလိုင်

## ခြားနားခြင်း



# အပိုင်း (တစ်)

## အခန်း (၁)

မခူးချင်စမ်းပါနဲ့
နှစ်ဆန်းခါတော်မှီမို့
ဇမ္ဗော်ရည်ပြေပြေလိမ်းထားပါ
ခပ်သိမ်းနယ်စုံစုံတို့
ပွင့်ငုံကိုလင့်ကုန်ကြတော့လို့
ခေါင်းကြွကာဆာဝေဝေနဲ့
သူလဲလေလောကီသားလိုပ့ါ
ကြွားချင်လှပေလိမ့်မယ်။
တသိန်တင့်ပါဘိ
တိမ်မြင့်ရှိပြာပြာက
ကြည်သာသာ ပင့်လေအဖျူးတွင် ဖြင့်
တီတာတာပွင့်ရွှေဖူးငယ်တို့

လည်ယှက်ကာ ဘယ်ညာလူးလေတော့
သူတို့လို ဘယ်သူမြူးနိုင်ပ့ါ
ထူးပါဘိတယ်။

တဝါဝါဆင် သက်န်းရယ်က
ကမ္ဘာမှာ ဘဝင်ချမ်းစေတဲ့
သာသနာရှင်ရှင်လန်းအောင်လို့
တမင် မုန်းတာပေ့ါ သတိဆွယ်
ရည်ရွယ်တော့သလား။

ခူးပါနဲ့ ကွယ်
ပွင့်ဖူးမှာ အဝါခြယ်၍
မာလာအလယ်မှာ နွဲ့ချင်တဲ့ နှလုံးရယ်ကြောင့်
နှစ်ဆုံးကုန်အတာဝင်သို့
မာန်အင်ကို ညဏ်ဆင်မွေးကာပ့ါ
အရေးအခါသာမှ
ခမျာမှာ တဂုဏ်ဆန်းရတယ်
ပန်းပိတောက်များ ။

မိုးသားရောင်ပြာပြာကို ထိုးဖောက်ဝင်ရောက်ရန် အားယူနေသော ရွှေဝါရောင် ပိတောက်မင်း၏ ပင်လုံးကျွတ်မျှ ညွတ်ဖူးပွင့်ဝေဆာနေသော အလှတရားကို တစိမ့်စိမ့်ခံစားရင်း လေးစားရသည့် ဆရာဇော်ဂျီ၏ 'ပိတောက်ပန်း' ကဗျာကို လေသံထွက်ရုံမျှလေး ရွတ်လိုက်မိသည် ။

နံနက်အရုဏ်ဦး၏ နှုတ်ခွန်းဆက်သမှုကို ခံယူရင်း တအာအာ၊ တကျီကျီ၊ တကျစ်ကျစ်နှင့် မိုးသောက်ယံတေးကို သီဆိုနေကြသော ငှက်ကလေးများ အကြားဝယ် တာဝန်ကျေပွန်စွာနှင့် အစွမ်းကုန်၊ မီးကုန်ယမ်းကုန်အလှဖြင့် ငွားငွားစွင့်စွင့်ပွင့်လန်းနေသော အပျိုဟိုင်းပင် ပိတောက်အောက်သို့ သူကြည့်လိုက်မိသည် ။ သဲသဲကွဲကွဲတော့မဟုတ်။ တံချူလေးတစ်ခုက ပိတောက်ပန်းများကို သူမ၏ မိခင်ပင်စည်နှင့် ချစ်ခြင်းခွဲရန်ကြံစည်နေသည် ကို တွေ့လိုက်ရသည် ။

ထို့ကြောင့် သူကမန်းကတန်း ပြေးဆင်းခဲ့သည် ။ သဘာဝအလှတရားကို ဖျက်ဆီးရန် ကြံရွယ်နေလေပြီ။

'ဘယ်ကိုလဲ ခန့်'

'ပိတောက်တွေပွင့်ပြီ'

'အဲဒါ ဘာဖြစ်သလဲ'

အရေးထဲ ကိုလတ်၏ အမေးကို ဖြေရှင်းနေရလေသည် ။

'ဘာဖြစ်ရမှာ လဲ အပင်အောက်သွားပြီး ပိတောက်အလှကို အနေလုံပဋ္ဌိလုံး သုံးသပ်ခံစားမလို့ ပေ့ါ ကိုလတ်ရ။

'စာရူး'

ကိုကြီးနှင့်ကိုလတ်က သူ့အားအမြဲတစေ 'စာရူး'ဟု ထောပနာပြုတတ်သည် ။ သူ့အတွက်တော့ ရိုးအီနေလေပြီ။ အစ်ကိုတွေက ဘယ်လိုပဲ

ခေါ်ခေါ် သူမနာတတ်။

‘ဘယ်လဲသား’

ခင်ပွန်းနှင့် သားသုံးယောက်အတွက် အမြဲတစေ တာဝန်ကျေပွန်နေတတ်သော မေမေက မီးဖိုထဲမှ ဖြတ်အသွား၌ သူ့အား မေးမြန်းသည် ။

‘ပိတောက်တွေပွင့်နေပြီမေမေ အဲဒါ...’

‘အဲဒါသားက သွားခူးမလို့ ဆိုပါတော့’

‘ဟုတ်ကဲ့၊ ဘုရားတင်ရအောင်’

‘ပိတောက်ကညှိုးလွယ်တယ်သား၊ ဒါပေမယ့် တစ်နှစ်မှာ တစ်ခါတည်း ပွင့်တဲ့ ပန်းဖြစ်လို့ ဦးဦးဖျားဖျား ဘုရားကပ်တာကောင်းပါတယ်၊ အများကြီးမခူးနဲ့ သုံးခက်လောက်ပဲ ပန်းအိုးသီးသန်နဲ့ ထိုးပြီး ကပ်လိုက်ပေါ့ ဟုတ်လား’

‘ဟုတ်ကဲ့ မေမေ’

သမီးမရှိသော အမေဖြစ်သဖြင့် မေမေသည် ပင်ပန်းသည် ။ သို့သော် ‘ပင်ပန်းတယ်’ ဟု ဘယ်သောအခါမှ မညည်းညူတတ်ချေ။ မိဘတို့ ဝတ္တရားကျေပွန်စွာဖြင့် အမြဲတမ်း ကျေနပ်ပျော်ရွှင်နေတတ်သည် ။

သူအိမ်ဘေးသို့ ရောက်သောအခါ ပိတောက်ပင်ကြီးအောက်တွင် တံချူကို လှုပ်ရှားစေနိုင်သူကို တွေ့ရှိလိုက်ရသည် ။

‘ဟိတ်...လွှတ်ချလိုက်စမ်း’

တံချူရှင်က သူ့အားလှည့်ကြည့်လိုက်သည် ။ သို့သော် ချက်ချင်းပြန်လှည့်ကာ သူ့အမိန့်ကို ဖီလာပြုလျက် ပိတောက်ခက်ကိုရအောင်ချူလေသည် ။ အာဂဇွဲနှင့်ခပ်ရဲရဲပါလား။

'တယ်ခက်တာပဲ ရပ်စမ်း၊ ဘယ်သူ့အမိန့်နဲ့ ပန်းခူးနေတာလဲ မိန်းကလေး'

'ခဏလေး…ခဏလေးရပြီ'

သြော်…သူမသည် အကြောက်အခန့် အတွန့်အဆုတ်မရှိပါဘဲ သူမလိုချင်သော ပိတောက်ခက်ကိုရအောင် ချိုးယူလေသည် ။ ဘယ်အချိန်ကတည်းက ဆွတ်ခူးထားသည် မသိ။ ပိတောက်ပင်းရင်း၌ ပိတောက်ခက်များ သည် ပန်းတို့ ၏ တာဝန်ကို ထမ်းဆောင်ရန် အသင့်အနေအထားနှင့် ရှိနေလေပြီ။

'အိုကေ…ရပြီသွား'

တံချူကြားမှ ပိတောက်ခက်ကိုဖြုတ်ယူပြီး တံချူကိုပစ်ချလိုက်သည် ။ သူ့ခြေထောက်နား ပွတ်ကာသီကာကျလာသည် ။

'ဟင်း…တော်တော်ပစ်စလက်ခတ်နိုင်တဲ့ ကောင်မလေး' ဟူသောစကားကို ရင်တွင်း၌ သာ ပြောကြားလိုက်သည် ။

'ဟား…အများကြီးပဲ ပျော်စရာကြီး'

သူ့အားပြောသလိုလို သူမတစ်ကိုယ်တည်းပဲ ညည်းသလိုလိုနှင့် ပြောလိုက်သည် ။

'နေစမ်းပါဦး။ နင်ကဘယ်သူလဲ ဘယ်ကလဲ'

'အိုင့်ကို မေးတာလား'

ကြည့်စမ်း ပန်းနှင့်လိုက်ဖက်သော မိန်းကလေးတွင် မပါဝင်သော ယောကျာ်းလေး ဆံပင်ထက်ပင်တိုသော ကြွက်ကိုက်ဆံပင်ပုံစံနှင့် ကောင်မလေးကို သူလုံးဝမေတ္တာမရှိသဖြင့်…

‘ဟုတ်တယ်၊ နင့်ကိုမေးတာပဲ’

‘အိုင့်ကို ဘယ်ကလဲလို့ ယူကဘာဖြစ်လို့ သိချင်ရတာလဲ’

မျက်နှာက မချိုမချဉ်နှင့် နှမ်းစေ့လေးမျှပင် ဣန္ဒြေမရှိသောမျက်နှာန င့် ကောင်မလေးကို သူဆက်လက်စကားပြောချင်စိတ် မရှိတော့ပေ။ သူ တို့ ကိုယ်သူတို့ တော့ ရဲတင်းသည် ။ ပွင့်လင်းသည် ။ ခေတ်မီသည် ဟု ဘယ်လိုပဲတင်စားတင်စား သူကတော့ ဣန္ဒြေမဲ့တာဟု သာ မှတ်ယူထား သဖြင့်…

‘နင့်ကိုမမေးလို့ ဘယ်သူ့ကိုမေးရမှာ လဲ၊ ပန်းခိုးခူးတာ နင်တစ်ယော က်တည်းရှိတယ်’

‘အံမယ်…ယူကဘာမို့လို့ လဲ၊ ခြံစောင့်လား မာလီလား’

နာရမှန်းလည်း သိဟန်မတူသော ကောင်မလေးကို သူလက်လျှော့ရ တော့မလို ဖြစ်နေစဉ် ကိုကြီးရောက်လာသည် ။

‘ကျွတ်…ဦး…လာစမ်းပါဦး၊ ဒီကသာဂိကလာရပ်နေလို့ ’

ကောင်မလေးက ကိုကြီးကိုဦးအောင် တိုင်လိုက်သည် ။ ကိုကြီးကပြုံးကာ…

‘ဘာဖြစ်ပြန်ပြီလဲ အဲလစ်၊ ဒါ…ကိုညီအငယ်ဆုံး ခန့်ဆိုတာပေါ့’

‘အမယ်လေး…ခန့်မခန့်တော့ မသိပါဘူး၊ တောကသာအေးတို့ သာဂိ တို့ နဲ့ တူတာတော့ ကျိန်းသေတယ်၊ အဲလစ်ကို သူခိုးလေးဘာလေးနဲ့ သူ သာကြွက်ခိုးမယ့်ရုပ်မျိုး’

‘နင်စကားပြောတာ ကြည့်ပြောနော်’

‘ကြည့်ပြောနေတာပဲလို့ မမြင်ဘူးလားမျက်လုံး’

ဆတ်ဆတ်ကဲ့ကလေးက သူ့အားမျက်လုံး ပြူးပြကာ ပြောလေသည် ။ သူရယ်ချင်သွားသည် ။ ကိုကြီးကကြားမှ ရွှေပြည်အေး လုပ်ရလေတော့သည် ။

'ခနဲ့ သူကဟိုဘက်ခြံကလေ အဲလစ်တဲ့ မနက်က ကိုကြီးလမ်းလျှောက် မထွက်ခင်ကတည်းက ခွင့်တောင်းပြီးသား ဒါကြောင့်ခူးတာပါ'

'အမြင်မတော် ဆင်တော်နဲ့ ခလောက်ဆိုသလို ဖြစ်နေလို့ ပါ ကိုကြီးရာ၊ ပန်းဆိုတာ မိန်းမသားတွေရဲ့ ဆံမြိတ်ဆံထုံးနဲ့ မှ ထိုက်တန်တာမျိုးမှတ်လား၊ ခုလိုမတန်မရာမြင်ရတော့…

'ဘာ…ဘာပြောတယ်'

'ကိုင်း…တော်ပါတော့ခနဲ့ အဲလစ် ကိုတောင်းပန်ပါတယ်'

သူအပြောမလွန်ဘူးထင်ပါတယ်။ ပန်စရာ ဆံပင်ရှည်မရှိဘဲ ထိုးထိုးထောင်ထောင်နှင့် ပုံပျက်ပန်းပျက် ကြည့်မရသော ဆံပင်နှင့် မိန်းကလေး။ ထိုမျှမကသေး ချိုင်းပေါ်လည်ဟိုက်နှင့် ဘောလီသာသာ တိုနံ့တိုနံ့နှင့် ချက်ဖော်မတတ်အင်္ကျီနှင့်စကတ်လိုလို ဘောင်းဘီလိုလိုကို ဒူးပေါ်ပေါင်ပေါ် ဝတ်ဆင်ထားသော ကောင်မလေးကို သူလုံးဝကြည့်မရ။ ယိုသူမရှက် မြင်သူရှက်ရသည့် ဝတ်စားဆင်ယင်မှုမျိုး သူစက်ဆုပ်ရွံရှာသည် ။

'ကိစ္စမရှိပါဘူးဦး…အဲလပ်အတွက်က ပန်းမရလဲ ဘာမှ မဖြစ်ဘူး၊ ပန်းကို အပျော်တမ်း လာခူးတာပါ၊ ဒါပေမယ့် ဒီလောက်တွန့်တိုပြီး သဘောထားသေးနုတ်တဲ့ သူရဲ့ စွတ်စွဲမှုခံရတော့လဲ ဟင်း…ဟင်း…ရော့ ယူပန်းတွေ'

'ဟော့…ဟော့…တောက်'

သူမခံချိမခံသာ ဖြစ်ကျန်ရစ်ခဲ့ရသည် ။ မျက်နှာအား သူမပွေ့ယူထားသော ပန်းခိုင်များ နှင့် ပစ်ပေါက်ကာ ထွက်ပြေးသွားလေသည် ။

'တောက်...သရုပ်ပျက်မလေးကများ '

'ခန့်ကလဲကွာ...ပန်းနဲ့ ပေါက်တာလေးများ နာစရာလား'

ကိုကြီးက သူ့အား လှောင်ပြုံးနှင့် ပြောလိုက်ရာ...

'နာစရာ...နာစရာပဲ၊ ပန်းနှင့်ပေါက်တာလဲ နာသင့်ရင်နာရတယ်ကိုကြီး'

'နာသင့်ရင်ဆိုတော့ မနာသင့်တာကော ရှိတယ်ပေါ့'

'ဟုတ်တာပေါ့ ကိုကြီးရာ၊ ပန်းနဲ့ ပေါက်တာ အမျက်ကြောင့်ပေါက်ခြင်းကို ရင်နာရတယ်၊ မေတ္တာကြောင့် ပေါက်ခြင်း ဆိုရင်တော့ နာစရာ မဟုတ်ဘူး ပေါ့'

'သူက ဟိုဘက်ခြံကလေ၊ ကိုကြီးတို့ သားအဖတွေ ပြောင်းလာတဲ့နေ့ကတည်းက သူကလေးကလာမိတ်ဖွဲ့လို့ ခင်နေကြတာ၊ ခန့်တို့ က တစ်နေ့ကမှ ရောက်တော့ ဘယ်သိဦးမလဲ၊ သဘောကောင်းတဲ့ ချာတိတ်မလေးပါကွာ'

ဖေဖေရန်ကုန်သို့ ပြောင်းရစဉ်က သူသည် ဆယ်တန်း စာမေးပွဲဖြေရန် တစ်လကျော်ကျော် သာလိုတော့သဖြင့် မေမေနှင့်သူသာ နယ်၌ ကျန်ရစ်ခဲ့ပြီး ကိုကြီး၊ ကိုလတ်နှင့် ဖေဖေသာ အလျင်ပြောင်းသွားနှင့်သည် ။

ကိုလတ်က ဆယ်တန်းဖြေပြီး တက္ကသိုလ်တက်ရန် စောင့်နေသူ။ ကိုကြီးက နောက်ဆုံးနှစ်ပြီး၍ နိုင်ငံခြား၌ အ လုပ်သွားလုပ်ရန် တာစူနေသူဖြစ်သည် ။

သူဆယ်တန်းဖြေဖြေပြီးချင်း ကျန်ရှိသော အထုပ်အပိုးလေးများကို သိမ်းဆည်းကာ ပြောင်းလာခဲ့ခြင်းဖြစ်သည် ။

ထို့ကြောင့် တစ်နေ့မှ ရောက်သောသူသည် ဟိုဘက်ခြံမှ သရုပ်ပျက်မလေးကို မမြင်ဖူးသေးခြင်းသည် ဆန်းတော့ မဆန်း။

လက်လှမ်းမီသလောက် ပိတောက်သုံးခက်ကိုခူးကာ သူပြန်ဝင်ခဲ့သည် ။

မေမေ့အား ပိတောက်ပင်အောက်မှ တစ္ဆေမလေးအကြောင်း ပြောပြရဦးမည်။

သူ့အားပန်းနှင့်ပေါက်ပြေးသွားသော တစ္ဆေမလေးသည် မြန်မာနိုင်ငံမှ ဟုတ်ချင်မှ ဟုတ်မည်။ ဝတ်စားဆင်ယင်ပုံက သူ့မျက်စိစပါးမွေး စူးလွန်းလှသည် ။

***

# အခန်း (၂)

'နေပါဦး၊ သမီးကဘယ်ကလဲ'

အဲ့လစ် ရုတ်တရက် အံ့အားသင့်သွားသည် ။ မနေ့က ကောင်လေးနှ င့် ရုပ်ချင်းဆင်သော မိန်းမချောကြီးကို ဆီးတွေ့လိုက်ရသဖြင့် ချိုင့်ကိုက မ်းပေးရင်း...

'ဟိုဘက်ခြံက'

'သြော်...အေး၊ ဒါဖြင့်ပြန်တော့သမီး အန်တီကိုယ်တိုင် လာပို့မယ်'

'ဟင်'

အဲ့လစ်၏ အံ့သြမှုက ဖုံးကွယ်ထား၍ မရသဖြင့် 'ဟင်' ဟူသော အာ မေဋိတ် ကလေးပင်ထွက်သွားရသည် ။ တော်တော်ရင့်သီးသည့် အမျိုး သမီးကြီးပဲ၊ ဟိုကောင်လေးသည် အမေတူ သားပဲဖြစ်ရမည်။

'ဒီလို မိန်းကလေးရယ်၊ ဒေါ်ဒေါ်မှာ သားသုံးယောက်တောင်ရှိတာဆို တော့ မိန်းကလေးရဲ့ မလုံ့တလုံ ဆင်ယင်ပုံနဲ့ ဆိုရင် ဒေါ်ဒေါ်လိုသားရှင် အမေတစ်ဦးအနေနဲ့ အိမ်ထဲပေးဝင်ရမှာ လန့်လို့ ပါကွယ်၊ လုံလုံခြုံခြုံ ဝ တ်လာခဲ့ရင်တော့...

အဲလစ် ချာခနဲ လှည့်ထွက်ခဲ့သည် ။ မျက်နှာတစ်ပြင်လုံး မီးအကင်ခံ လိုက်ရပြန်သည် ။

မနေ့ကသား၊ ဒီနေ့အမေ။ အဲလစ်အားစော်ကားကြသည် ။ ခေတ်မီစွာ ဝတ်စားထားသော အဲလစ်ကို တောမှ တက်လာသော သာဂိတို့ သားအမိက ရင့်သီးစွာစကားဖြင့် စော်ကားကြသည် ။

အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်သဖြင့် မာမာက ပို့ခိုင်း၍ လာပို့ပေးသည် ။ အိမ်ထဲသို့ပင် အဝင်မခံဘဲ ရင့်သီးစွာပြောလိုက်သည့်။ ချိုင့်ကျတော့ မယူတာလည်း မဟုတ်။

'တောက်'

စိတ်တိုစွာဖြင့် ခဲကိုကန်ပစ်လိုက်သည် ။ ဘော်ဘီက အမြီးနံ့ပြီးကြိုနေရာမှ ဖယ်လိန်ဖယ်လိန်နှင့် မသိမသာ ရှောင်ထွက်သွားလေသည် ။

'ဟွန်း…ခွေးနဲ့ ပဲအဖော်ပြုနေရလို့ အိမ်နီးချင်းတွေလာလို့ အဖော်ရမလား အားကိုးမိပါတယ်၊ သိက္ခာတော်ရ မထေရ်မြတ်နဲ့ လာတွေ့နေတာကိုး'

'ဟဲ့…ဘာဖြစ်လာတာလဲ အဲလစ်'

မာမာက ပွစိပွစိနှင့် ဆီမန်းမန်းသလို အသံထွက်မိသော အဲလစ်ကို အိမ်ဝမှ လှမ်းမေးလိုက်သည် ။

'ဟိုဘက် ဘိုးတော်ဘုရား လေးဘက်သွားအိမ်က ဆင့်ဖင်တွေအကြောင်း တကယ်တည်းမှ ကြီးကျယ်လိုက်တာ မာမာရယ်…'

ဘွားအေကို မိခင်ခေါ်သလို မာမာဟု သာ လိုက်ခေါ်သဖြင့် အဲ့လစ်နှုတ်ကျိုးနေလေပြီ။

မာမာရွှတ်လေပြီဟု သိကာ…

‘မာမာနဲ့ ကတော့မှ မြွေနဲ့ တွေ့မယ်’

မာမာကရယ်ကာ…

‘ဒေါသကို နောက်ထားပြီး ရှင်းရှင်းလင်းလင်းပြောမှ ကျုပ်ကနားလည်မှာ ပေါ့အေ့’

အဲ့လစ်စိတ်ပျက်လက်ပျက် စားပွဲပေါ်၌ ခြေချိတ်ထိုင်လိုက်သည် ။ ဖွေးဥနေသော ပေါင်တံလှလှကို မိမိဘာသာ သတိထားလိုက်မိသည် ။

‘တကတည်း သူ့သားတွေက နာဂိုဒေါင်တွေမို့လို့ လားမသိပါဘူး မာမာရယ်၊ အဲလစ်ကိုလေ အိမ်ထဲတောင် အဝင်မခံဘူး၊ ချိုင့်ကိုသူကိုယ်တိုင် လာပို့ပေးမယ်ဆိုပြီး နှင်ထုတ်လိုက်တယ်’

‘ရိုင်းလှချည်လား၊ အဲဒါ ချိုင့်ထားခဲ့ရသလား၊ ပြန်ယူခဲ့ပါလား၊ သင်းတို့ က ကြီးကြီးကျယ်ကျယ် ငါ့မြေးကိုများ ဘာအောက်မေ့လို့ လဲ’

မာမာက မြေးထိလျှင် ဆတ်ဆတ်ထိမခံတတ်သဖြင့် ဒေါနဲ့ မောနဲ့ ထလာသည် ။ အင်္ကျီလက်တွေဘာတွေ ပင့်တင်လိုက်သည် ။ အဲလစ်မျက်လုံးပြူးရသည် ။ ရှားရှားပါးပါး အိမ်နီးချင်းတွေ ကိုကြီး ကိုလတ်ကော အန်ကယ်ပါသဘောကောင်းကြသည် ။ အဲလစ်ကို ကလေးလေးတစ်ယောက်လို စနောက်နေကြဖြစ်သည် ။ ထိုခင်မင်မှုလေး ပျောက်ဆုံးသွားမှာ စိုးရိမ်နေသဖြင့်…

‘ မဟုတ်ဘူး မာမာ၊ အဲလစ်ဝတ်ထားတာတွေက မလုံတလုံဖြစ်နေလို့ တဲ့ လုံလုံခြုံခြုံဆိုရင် အိမ်ထဲခေါ်ပါတယ်တဲ့ ပြုံးပြုံးလေးပြောတာ၊ နောက်ပြီး မာမာတို့ အတွက် တစ်ခုခုလာပို့ ဟော…ဟော လာပြီ’

အဲလစ် သုတ်ခနဲ အိမ်ခန်းထဲ ဝင်ပြေးခဲ့သည် ။ ချိုင့်ထဲ၌ ဘာမှ မပါလျှင် ခက်မည်။ မာမာနှင့်ပဲ ထားလိုက်တာကောင်းပါသည် ။ သိချင်စိတ်

ကလေးက မနေနိုင်သဖြင့် လိုက်ကာကြားကတော့ ချောင်းကြည့်မိသည် ။

'ဒေါ်ဒေါ်က ဒေါ်ရွှေဥ ထင်ပါတယ်နော်၊ ကျေးဇူးတင်လိုက်တာ ဒေါ်ဒေါ်ရယ်၊ စောက အုန်းနို့ခေါက်ဆွဲ သိပ်ကြိုက်တာ၊ ဒေါ်ဒေါ်တို့ နဲ့ အိမ်နီးချင်းဖြစ်ရတာ ဘုရားမလိုက်သလိုပါပဲ'

'တတ်လဲတတ်နိုင်တဲ့ ယောက္ခမလောင်းကြီး' ဟု ရင်တွင်း၌ ထောပနာ ပြုလိုက်သည် ။

'အေးကွယ်၊ အန်တီ့ ခင်ပွန်းကလဲ အုန်းနို့ခေါက်ဆွဲ သိပ်ကြိုက်တော့ သူ့အားရက်ကို ချက်ပေးမိတာ'

'ကြည့်လိုက်တာနဲ့ အနံ့လေးရရုံနဲ့ တင် စားချင်စိတ်က ဖြစ်လာတာ စောတော့ ဒေါ်ဒေါ့်ဆီက ပညာယူစရာတွေရှိ လာပြီ၊ ဩော်...စောက ဟိုဘက်ခြံက ဦးထင်ကျော်ရဲ့ ဇနီးပါ၊ တစ်နေ့ကမှ သားငယ်ကောင်လေး စာမေးပွဲအပြီးမှ လိုက်ပြောင်းလာဖြစ်တာပါ၊ ရှမ်းပြည် လက်ဆောင်လေးတွေတောင် ဒီချိုင့်ထဲ ပြန်ထည့်ခဲ့ပါတယ်၊ ဒေါ်-ကြိုက်ရဲ့ လား မသိဘူး၊ ခေါပြင်ကြော်နဲ့ ပဲပုပ်အချပ်လိုက်ကော ကြက်သွန်ဖြူဥ တစ်လုံးနဲ့ လက်ဖက်ခြောက်ပါ၊ တစ်ချိုင့်စီ ထည့်ခဲ့ပါတယ် ဒေါ်ဒေါ်'

'အိုကွယ်...အားနာစရာကြီး'

အဲလစ် ပခုံးတွန့်လိုက်သည် ။ ခုနက အင်္ကျီလက်ပင့်ကာ မောင်းတင်နေတာ မာမာ့မျက်နှာမှာ ယခုတော့ သကာရည်လောင်းထည့်ထားသည့် အတိုင်း ရှိသည် ။ ဩော်...မာမာလည်း မြှောက်ပင့်စကားနှင့် လက်ဆောင်ဒဏ်ကို ခံနိုင်ရည် မရှိပါတကား။

'အိမ်နီးချင်းတွေပဲ ဒေါ်ဒေါ်ရယ်၊ မရှိအတူ ရှိအတူပေါ့၊ ဒီလိုပဲ မျှဝေ

စားသောက်ရမှာ ပဲ၊ စောကို တူမသားချင်းလို အောက်မေ့ပြီး ဆုံးမစရာ ရှိရင် ဆုံးမနိုင်ပါတယ် အန်တီ၊ စောမှာ က သားတွေကြီးပဲဆိုတော့ သမီးမိန်းကလေးမြင်ရင် သိပ်ချစ်တာ၊ ကိုယ့်သမီးလိုပဲ အောက်မေ့ပြီး အမြင်မတော်တာတွေ့ရင် စေတနာနဲ့ ပြောမိမှာ ပဲနော်၊ စောသားတွေကိုလဲ ဒေါ်ဒေါ်တို့ လက်ထဲ အပ်ထားရမှာ ပဲ၊ အမြင်မတော်တာရှိရင် ကြိုက်သလို ဆုံးမပါ ဒေါ်ဒေါ်'

'စောသားတွေက သိပ်ကို လိမ္မာယဉ်ကျေးကြပါတယ်၊ လူကြီးကို လူကြီးမှန်းသိတယ်၊ ဂါရဝတရား အမြဲရှိတယ်၊ သားငယ်လေးတော့ မတွေ့ဖူးသေးဘူး'

'သားငယ်က နောက်မှ သာမွေးတာ မိဦးအခေါ်ခံချင်တဲ့ လူလေ၊ သူက အရင့်ကျက်ဆုံးနဲ့ အလိမ္မာဆုံးပဲ၊ ဩော်...စောလေ လောလောနဲ့ ထွက်လာမိတာ ရှမ်းပြည်က ပန်းခြောက်တွေ မေ့လာတယ်၊ ခန့်နဲ့ ပို့ခိုင်းလိုက်မယ်'

'နေပါစေ စောရယ်၊ ဘုရားပန်းတွေ ရှိပါတယ်'

'အလှပန်းအိုးထိုးပေါ့ ဒေါ်ဒေါ်ရယ်၊ ဒါထက် သမီးလေးကောမမြင်ပါလား၊ သမီးလေးက လှလွန်းလို့ ဝတ်စားပုံမလုံလို့ တောင် စော ပြောလိုက်မိသေးတယ်'

သိပ် စကားတတ်တဲ့ အမျိုးသမီးကြီးဟု အဲလစ်က ကောက်ချက်ချကာ မဲ့ရွဲ့လိုက်မိသည် ။

မာမာ့ကို ချည်ပြီးတုတ်ပြီးမှ ပြောသည် ။

'ဒါပေါ့ကွယ်၊ ပတ်ဝန်းကျင် ပြုပြင်းပေးမှ လူငယ်တွေ ကောင်းနိုင်မှာ ၊ ရတယ် ဆုံးသာ ဆုံးမပါ'

‘စကားတော့ ကောင်းတယ် ဒေါ်ဒေါ်၊ ကိုယ်ခွဲက မရှိတော့ ပြန်ဦးမှ ’

စောဆိုသော သားသုံးယောက် မိခင်က ထလိုက်သောအခါမှ မာမာက ပျာပျာသလဲထကာ…

‘နေပါဦး စောရဲ့ ၊ စကားကောင်းနေတာနဲ့ စောကို အုန်းနို့ခေါက်ဆွဲကျွေးဖို့ မေ့သွားတယ်’

‘ရပါတယ်၊ ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်၊ အိမ်ကို ပို့ထားတာလဲ နည်းမှ မနည်းတာ၊ အိမ်ရောက်မှ သားတို့ နဲ့ အတူတူ စားတော့မယ်၊ ခွင့်ပြုပါဦးနော်’

အဲလစ်က မဲ့လိုက်သည် ။ အပိုပြောတာ သားတို့ တဲ့ ။ သားတို့ ၏ အဖေနဲ့ စားမယ့်ပုံကြီးကများ ဟု မကျေမချမ်းတွေးလိုက်မိသည် ။

ညှော်ခန်းမှ မိန်းမသားကြီးနှစ်ယောက် ပျောက်ကွယ်သွားသည် ။ ထိုအခါမှ လိုက်ကာနောက်မှ အဲလစ် ထွက်ခဲ့လိုက်သည် ။ ခန့်ဆိုသော သာဂတိကို ပန်းပို့ ခိုင်းလိုက်မည်တဲ့ ။

တွေ့ကြသေးတာပေါ့ တိုက်ဂေါ်ရယ်…

***

# အခန်း (၃)

'လက်ရာက မဆိုးဘူးကွ'

'မဆိုးဘူးဆို ဟိုဘက်ခြံက ဒေါ်ရွှေဥ လက်ရာလေ၊ အဘွားကြီးက မဆိုးပါဘူး၊ ခေတ်ဆန်ပေမယ့် မာနကြီးမယ့်ပုံမျိုး လုံးဝ မရှိဘူး၊ ဟို ယင်မနားလေးတော့ မတွေ့ခဲ့ဘူး'

မိဘနှစ်ပါး စကားနားထောင်နေရာမှ ယင်မနားဆိုသော စကားကြောင့် သူတို့ ညီအစ်ကို သုံးယောက် ခေါင်းထောင်လိုက်သည် ။ နှုတ်အာသွက်သော ကိုလတ်က...

'ဘာလဲ မေမေ၊ ယင်မနားဆိုတာ'

'ဟဲ့...လှုပ်ရှားလွန်းလို့ ယင်ကောင်တောင် မနားနိုင်လို့ ယင်မနားခေါ်တာပေါ့၊ ဟိုဘက်အိမ်က ကောင်မလေးကို ပြောတာ၊ တစ်ကိုယ်လုံး ခြေကော၊ လက်ကော၊ ခေါင်းကော အငြိမ်ကို မနေဘူး၊ မျက်လုံးကလဲ အရည်ကို လည်နေတာပဲ၊ သမင်မ မျက်လုံးမျိုး'

သူက သဘောကျစွာ ပြုံးလျက်...

'အစစ်ပဲ မေမေ၊ ဣန္ဒြေရရလေးနေရင် ဘယ်လောက်လှ၊ ဘယ်လောက် ကျက်သရေရှိလိုက်မလဲ မသိဘူး၊ ခုတော့ သူ့ကို ကြည့်ရတာ ကောက်ရိုးမီးတောက်လိုပဲ'

'သူ့ခေတ်နှင့်သူ ဒီလောက်တော့ ရှိမှာ ပေါ့လေ'

ကိုလတ်ကလည်း ခေတ်ရေစီးကြောင်း၌ မျောပါချင်နေသူပီပီ။ အဲလ စ် ဆိုသော မေမေပြောသည့် ယင်မနားဘက်က ရှေ့နေလိုက်ချင်နေသ ည် ။ ကိုကြီးကတော့ ပျော်ပျော်နေတတ်သူပီပီ။

'ယင်မနားဆိုတာ့ ကောင်းတာပေါ့ မေမေရာ၊ ယင်ဖိုမနားလေ ပို ကောင်းလေပေါ့၊ ဟတ်...ဟား...ဟား'

'ကြည့်စမ်း...ကိုကြီးတို့ နော်၊ ဒါကြောင့် မေမေက စိတ်မချတာ၊ ဒီ ကောင်မလေးနဲ့ သိပ်အရောမဝင်နဲ့ ၊ ထောင့်မကျိုးတဲ့ ကောင်မလေးမျိုး ကို အချိန်မတိုင်မီ ချွေးမမတော်ချင်ဘူး'

ကိုကြီးက ရယ်လျက်...

'နံ့ပြည်စုတ်ကို အမြှောက်နဲ့ မချိန်ပါဘူး မေမေရာ၊ မေမေ့သားအင ယ်တွေကိုသာ ပြောထား'

'ကိုကြီးနော်...လွှဲမချနဲ့ ၊ ကိုကြီးပဲ အဲလစ် ချာတိတ်လေးနဲ့ ပါးစပ်ဖျားက မချတာ'

'ဒါကတော့ ကိုယ့်ညီမလေးလို ချစ်လို့ ပါကွာ'

ကိုကြီးနှင့် ကိုလတ်စကားဝယ် သူ တစ်ခွန်းမှ ဝင်မပြောပါချေ။ တ ကယ်တော့ သူသည် ထိုမိန်းကလေး ကိစ္စကို စိတ်မဝင်စားတော့ချေ။

'ကိုကြီးနှင့် ကိုလတ် နှစ်ယောက်စလုံး အတူတူပဲ၊ ညီမလေး ညီမ လေးနဲ့ ဒီဖင်ပေါ် ခေါင်းပေါ် ကောင်မလေးကို ဖင်ပုတ် ခေါင်းပုတ်နဲ့ တရ င်းတနှီး အရောမဝင်နဲ့ နော်၊ မေမေမကြိုက်ဘူး၊ လောကမှာ မိန်းမ မရှားဘူးဆိုတာ မှတ်ထား၊ ဣန္ဒြေဒရရ မိန်းမပီပီသသလေးမှ မေမေက သဘောကျမှာ '

‘စောကလဲကွာ ဆင်ဝန်တော် ကြောင့်ကြ ကြီးနေပြန်ပါပြီ၊ သားတို့ နားလည်ပါတယ်ကွာ၊ ကိုကြီးလဲ ပညာစုံပြီပဲ၊ အလုပ်အကိုင် အဆင်ပြေ ရင် အိမ်ထောင်ကျတော့ ကိုယ်ကြိုက်ရာ ကိုယ်ယူနိုင်တယ်၊ ကိုယ့်ဘာကို ယ် ဖန်တီးရမှာ ပဲ၊ စောဘာမှ လိုက်မပူနဲ့ ၊ စိန်ကဲ ကျောက်ကဲထက် လူ ကဲက ခတ်ရခက်တယ်၊ ဝါဝါမြင်တိုင်းလဲ ရွှေထင်လို့ မရတာတွေ အပုံကြီးပဲ’

‘မောင်နော် သားတွေဘက်က မလိုက်နဲ့ ၊ စော ပြောတာက…’

သူ ထလိုက်သည် ။

စားသောက်ခြင်းကိစ္စ ပြီးစီးနေပြီ။ သူ ခြံထဲမှာ လုပ်စရာများ ရှိနေသ ည် ။ မိဘနှစ်ပါးက သားသုံးယောက်နှင့် ပတ်သက်၍ အမြဲတမ်း စိတ်ပါ လက်ပါ အခြေတင် ငြင်းခုန်ဆွေးနွေးတတ်သည် ။ မေမေက စည်းကမ်း သမား။ ဖေဖေက ကိုယ့်ကိုယ်ကို နားလည် ဟူသော စကားတစ်ခွန်းနှင့် သားများကို လွတ်လွတ်လပ်လပ် နေခွင့်ပေးသည် ။

ကိုကြီး အရက်သောက်တုန်းကလည်း ‘သောက်ပေ့ါကွာ၊ အရွယ်ရော က် လာပြီပဲ၊ ပြီးတော့မှ ကောင်းမကောင်းကို ကိုယ့်ဘာသာကိုယ် ဆုံးဖြ တ်၊ မကောင်းမှန်းသိရင် ရှောင်ရမယ် ဒါပါပဲ’ဟု သာ ပြောသည် ။

သားများကို သူငယ်ချင်းပေါင်း ပေါင်းသည် ။ သို့သော် လမ်းတော့ ညွှန်ပေးတတ်သည် ။

‘ဘယ်လဲ ခန့်’

‘ခြံထဲပါ မေမေ’

‘ဘာသွားလုပ်မလို့ လဲ’

‘သူယောင်မယ် သွားရှာမလို့ တဲ့ မေမေ၊ ဟုတ်လား ခန့်’

'ကိုလတ် ဝါသနာနဲ့ လာမနိုင်းနဲ့ ၊ ကျွန်တော် ခြံသွားရှင်းမလို့ '

ထိုအခါ အငယ်ဆုံးသားကို အချစ်ဆုံးပဲလို့ ကြွေးကြော်ထားသော မေမေက...

'တွေ့လား တစ်လစောရောက်နေတဲ့ ကိုကြီးနဲ့ ကိုလတ်တို့ နဲ့ ခန့်နဲ့ တူလို့ လား၊ နေဦးခန့် ဟိုဘက်ခြံကို ပန်းသွားပို့ပေးလိုက်ဦး။ ပိတောက်ပါခူးသွားလိုက်ပါကွယ်၊ သူတို့ ခြံထဲ ပိတောက်ပင်မတွေ့ခဲ့မိလို့ ရာသီအလိုက်ပွင့်တဲ့ ရှားရှားပါးပါးပန်းမျိုးဆိုတာ အများကိုလဲ မျှတကောင်းပါတယ်'

ကိုကြီးက ချောင်းမဆိုးချင်ပဲ ဆိုးလိုက်သည် ၊ သူနားလည်သည် ။ ကိုကြီးသူ့အားစနေလေပြီ။

သူမသိဟန်ပြု၍ မေမေပေးသောပန်းထုပ်ကြီးကို လှမ်းယူလိုက်သည် ။

စိတ်ထဲကတော့ 'ပန်းကိုချစ်တဲ့ မိန်းကလေးမှ မဟုတ်တာ ပန်းပေးလဲ အပိုပေ့ါ'ဟု

သို့သော် နှုတ်မှ တော့ 'ဟုတ်ကဲ့ မေမ' ဟု သာဆိုလိုက်သည် ။

သူထွက်လာခဲ့သည် ။ သူမပေါက်သွားသော ပန်းများကို ကောက်ကာရေဆေးပြီး ထောင်ထားခဲ့ရာ ထိုပန်းများကိုပင်ယူလိုက်သည် ။

ဘုရားပန်းအိုးတောင် လဲမယ့်ပုံမမြင်ဟု အဲလစ်ဆိုသော မေမေတင်စားသည့် ယင်မနားမလေးအကြောင်း စိတ်ထဲ ရောက်သွားသည် ။

အဲလစ်တို့ ခြံဝင်းက မာလီ၏ ပြုစုပျိုးထောင်မှုအောက်ဝယ် မြက်ခင်းနှင့် တစ်နှစ်ခံပန်းများ ဖြင့် လှပနေသည်

‘ဟဲ့…သာဂိ လာစမ်း’

လာပြီး ပြဿနာ ဒန်းပေါ်မှာ ခြေလှုပ် ခေါင်းလှုပ်၊ လက်လှုပ် ပါးစပ်လှုပ်နှင့် တစ်ကိုယ်လုံး အငြိမ်မနေသော ‘ယင်မနားမလေး။

‘ခေါ်နေတာမကြားဘူးလား သာဂိရဲ့ ၊ တောသားရဲ့ နင့်ကိုငါက ကိုကိုမောင်မောင် သာဂိရယ်လို့ ခေါ်ရမှာ လား’

ဒီကောင်မလေး စိတ်မှန်ရဲ့ လားမသိဟု သူတွေးမိကာ အရေးမစိုက်တော့ဘဲ အိမ်ထဲဝင်ခဲ့သည် ။

‘ဘွားဘွားရေ ဘွားဘွား’

သာဂိနော် နင် နားထင်သွေးမရောက်နဲ့ တောသားဟာ တောသားပဲ လာစမ်း’

သူလှည့်မကြည့်ဘဲ မျက်ဝန်းထောင့်စွန်းမှ နေ၍ သူမ၏ လှုပ်ရှားမှုကို လှမ်းမြင်လိုက်ရသည် ။ တယ်လီရာခွေးပုကလေးကိုချီကာ စကားပြောနေသော ယင်မနားမလေး အဲ့လစ်ကြောင့် သူပြုံးရမလိုဖြစ်သွားသည် ။

သူ့အား စောင်းမြောင်းပြောသော ခွေးကိုသာအဖော်ပြုနေပုံရရှာသည့် ကောင်မလေးကို သူ သနားသွားသည် ။ ခက်တာကလည်း သူသည် မိန်းကလေးသူငယ်ချင်း မထားတတ်ခြင်းပင် ဖြစ်သည် ။

***

# အခန်း (၄)

'သနားပါတယ်၊ မွေးစားသားထင်တယ်နော် မာလီကြီး'

ရှုပ်ပြုန်ပြီး တော်တော်ပါးစပ် အငြိမ်မနေသည့် ကောင်မလေး။

သို့သော် သူမကြားချင်ဟန်ဆောင်၍ မြက်များကို ဆက်ပေါက်လိုက်သည် ။ ဒီနေရာ နေရောင်ရသည့် စံပယ်ခင်းများ ချထားလိုက်သည် ။

သူက အမေတူသား ဖြစ်မလားမသိ။ ပန်းဆိုလျှင်မွေးမှ ပန်းထင်တတ်သည် ။ ကံ့ကော်ပွင့်များ ဝေဆာနေသည် ကို ကြည့်ပြီး ဖောက်သည်များက လာရောက်ဝယ်သည် ။ ပင်လုံးချုပ်၍ မရောင်းဘဲ သူကိုယ်တိုင်ခူးကာ တစ်ဗန်းစာမျှလောက်တော့ ရောင်းလိုက်သည် ။

ဤကိစ္စကိုတော့ ယင်မနားမလေးက နိုးဟန်မတူသေးသဖြင့် ဘာမျှမပြော။ ခုလည်း ကြည့် ခွေးနှင့်သူဟန်မကာကိုတစ်ဖွဲ့စီစားရင်း မာလီအလုပ်လုပ်ရာ အနားး၌ ရစ်သီရင်း သူ့အားစောင်းမြောင်း ပြောဆိုနေပြန်ပြီ ။ ဝတ်ထားပုံကလည်း ဘောင်းဘီအတိုနှင့် စွပ်ကျယ်နှင့် သူရဲရဲမကြည့်ရဲ ။

'သားငယ်ခန့်ရေ မမောဘူးလားသား၊ ကော်ဖီသောက်ရအောင်လေ'

မေမေ့အသံကြားရသည် နှင့် ယင်မနားမလေး အသံတိတ်သွားသည် ။ သူရယ်ချင်သွားသည် ။ သာသာနှင့်နာနာ နှက်တတ်သော မေမေ့ပါးစပ်ကိုတော့ သူမ ကြောက်ဟန်တူသည် ။

'ဗျာ…မေမေ လာမယ်၊ ခဏလေး ခဏလေး…ပြီးတော့မယ်'

'အေး…အေး ဒါဖြင့်မေမေလဲ ခန့်နဲ့ မှ သောက်မယ်၊ အဖေကြီးတို့ စားသောက်နှင့်ကြတော့'

မေမေက အသံပြုရင်း ထွက်လာသည် ။ သူက မေမေ့အကြောင်းသိသည် ။ ယင်မနားမလေး ရစ်ဝဲနေမှုကို မေမေ အလိုမကျ။ စိုးရိမ်ဟန်တူသည် ။

'သာဂိအခြောက် ထဘီဝတ်ထားပေးဖို့ ကောင်းတယ်၊ ခုထိ နို့နံ့မစင်သေးဘူး သွားစမ်း'

ဟု ခွေးကို ပေါင်မုန့်အဖွဲ့ နှင့် လှမ်းပေါက်ပြီး အိမ်ထဲပြေးဝင်သွားလေသည် ။ အဲဒါမှ ပြဿနာပဲဟု သူတွေးလိုက်သည် ။ မေမေသူ့ကို စစ်လားဆေးလား လုပ်တော့မည်။

ထင်သည့်အတိုင်း…

'ခန့်'

'ဗျာ…'

'လျှပ်စီးမလေး ဘာလာပြောတာလဲ'

'ကျွန်တော့်ကို ဘာမှ လာမပြောပါဘူး၊ သူ့ဘာသူခွေးနဲ့ စကားပြောနေတာ'

'သြော်…ဒါဖြင့်လဲပြီးရော ဒါပေမယ့် အစောင်းအမြောင်းလေးတော့ ပါမှာ ပေ့ါနော် ခန့်'

'ကျွန်တော် နားမထောင်ပါဘူး၊ မိန်းမနဲ့ ဖက်ပြိုင်ပြီးရန်ဖြစ်ဖို့ ဝါသနာကျွန်တော့်မှာ မပါဘူးဆိုတာ မေမေသိသားနဲ့ '

‘မေမေက စတာပါ သားရယ်၊ ခန့် စိတ်ဓာတ်ကို မေမေသိပြီးသားပါ။ ဒါပေမယ့် ကျောက်ဆောင်ကမ်းပါးတောင် ရေတိုက်စားပါများ ရင် ပျက်ပြယ်တတ်သေးတာပဲ၊ နှလုံးသားဆိုတာ ကျောက်ဆောင်လို မာကျောတဲ့ အရာမှ မဟုတ်တော့ မေမေစိုးရိမ်လို့ ပါ’

‘ကျွန်တော့်အတွက် မေမေဝါရီမဖြစ်ပါနဲ့ ဒီလိုဆက်စလူးနိုင်တဲ့ ကောင်မလေးမျိုးလဲ ကျွန်တော့်ရဲ့ ဘဝခရီးဖော်အဖြစ် ဘယ်သောအခါမှ ရွေးချယ်မှာ မဟုတ်ဘူး ’

သူ၏ နုနယ်သောစိတ်၌ အချစ်ဆိုသောအရာကို ကွဲကွဲနားမလည် သေးခင်မှာ ပင် ရုပ်ပိုင်းဆိုင်ရာအမြင်ရ နှစ်သက်ခြင်း မနှစ်သက်ခြင်းတ ည်းဟူသော ခံစားမှုအပေါ်မူတည်၍ ဆုံးဖြတ်ခြင်းပြုလိုက်သည် ။

‘မြေသြဇာတော့ နည်းနည်းထည့်ရမယ်မေမေ’

‘အင်းလေ၊ မေမေကို မှာ လိုက်ပေါ့’

‘ကျွန်တော်ကတော့ နွားချေးမြေသြဇာပဲ ကြိုက်တယ်’

‘ဒီလိုဆိုရင်လဲ ထောက်ကြံ့ဘက်သွားပြီး နွားမွေးတဲ့ အိမ်မှာ သွားဝယ်ပေါ့၊ ကိုကြီးကို ကားမောင်းခိုင်းပေါ့ သားရယ်၊ ခက်တာမှတ်လို့ ၊ သိပ်လဲ အကြမ်းပတမ်း မလုပ်ပါနဲ့ ခန့်ရယ် လက်တွေပေါက်ပြဲကုန်ပါဦးမယ် ’

‘လက်ကြမ်းတော့ ဘာဖြစ်သလဲမေမေ၊ ယောကျ်ားပဲ’

‘ဒါပေမယ့် ခန့်လက်ချောင်းလေးတွေက ရှည်ရှည်သွယ်သွယ်လေး ဆိုတော့ အနုပညာလက်လေးတွေ မေမေကခန့်ကို စာရေးဆရာ အနေနဲ့ လဲ မြင်ချင်တာကိုးခန့်ရဲ့ ’

‘မေမေရယ် ဆန္ဒတွေသိပ်မစောပါနဲ့ ကျွန်တော်ကအခုမှ

ဆယ်တန်းဖြေပြီးခါစပဲ ရှိသေးတာ၊ ဆယ့်ရှစ်နှစ်တောင် မပြည့်သေးလို့ လူလားမမြောက်သေးဘူးလို့ ပြောလို့ တောင်ရတယ်’

‘ဒါပေမယ့် ဗီဒီယိုတွေ ရမ်းကားမှုကြောင့် ဒန့်ကျဲပင် ပုခက်ဆင်သလို ဖြစ်နေတဲ့ ခေတ်ကာလမှာ မေမေကတော့ မေမေ့သားတွေကို ငယ်ငယ်ကြီးကြီးစိုးရိမ်နေတာပဲ အထူးသဖြင့် မိန်းမမပီသတဲ့ မိန်းက လေးမျိုးနဲ့ တွေ့မှာ စိုးရိမ်တယ်’

သူကပေါက်တူးပေါက်မပျက်သကဲ့သို့ မေမေကလည်း သူပေါက်ထားသော မြက်များကို ထွန်ခြစ်နှင့်ဆွဲယူကာ စုပုံပေးလေသည် ။ ထိုမျှချစ်စရာ ကောင်းသော မိခင်၏ စကားကို သူတို့ ညီအစ်ကိုသည် အမြဲနားထောင်ပြီးဖြစ်ကြောင်းကို မိခင်ကလည်း သိပါပြီ။

‘ခန့်’

‘ဗျာ’

‘ဒီနေရာ ဘာစိုက်မယ်လို့ စိတ်ကူးထားသလဲ’

‘စံပယ်’

‘အိုး…ခန့်စိတ်ကူး သိပ်ကောင်းတာပဲ မေမေကပန်းဆိုရင် မွှေးမှ ကြိုက်တာ’

‘ကျွန်တော်လဲ ဒီလိုပါပဲ၊ ဒါထက်မွှေးလဲမွှေး လှလဲလှတဲ့ ပန်းဆိုရင်ကော ပိုမကောင်းဘူးလား မေမေ’

‘ဟာ ဘယ်နှယ့်ပြောပါလိမ့်သားရယ်၊ အဆင်းရော အချင်းပါပြည့်စုံတဲ့ ပန်းဆိုရင် အတိုင်းထက်အလွန်ပေ့ါ၊ ဘာလဲ သားက နှင်းဆီစိုက်ဦးမလို့ လား’

‘မဟုတ်ပါဘူး မေမေရ ပန်းများ ရဲ့ ဘုရင်တော်ဝင် သဇင်ကိုမှ စိုက်မှာ ၊ ယဉ်လဲယဉ် ကျက်သရေလဲရှိ ရနံ့ကလဲ တုလို့ မရတဲ့ သင်းရနံ့ဖြစ်တော့ ကျွန်တော် သဇင်စိုက်ချင်တယ်’

‘ကောင်းတာပေါ့ခန့်ရယ်၊ ခု ဥတွေပိဿာလိုက်ဝယ်ပြီး စိုက်ပေါ့၊ မေမေလိုက်ဝယ်ပေးမယ်’

မေမေသည် ထိုကဲ့သို့ သားသမီးများ ၏ ဆန္ဒကိုလိုက်လျောတတ်သော မိခင်မျိုးဖြစ်သည် ။

ကောင်းသည့် ဝါသနာအတွက် ငွေကုန်သည် ဟု ဘယ်သောအခါမှ ငြင်းတတ်သူမဟုတ်။

‘ဒါပေမယ့် ဘုရားပန်းအတွက် နှင်းဆီတစ်ခင်း ရာသီအလိုက် မေမြို့နဲ့ သစ္စာပန်းကိုလဲ စိုက်ပေးမယ် မေမေ၊ ကျွန်တော့်တော့ မြေကျယ်ကျယ်နဲ့ ခြံကို ဝယ်ပေးတဲ့ ဖေဖေကို ကျေးဇူးတင်တာပဲ’

‘ခန့် ဖေဖေက ခန့်စိတ်ကို သိလို့ ထင်ပါတယ်ကွယ်၊ ကိုင်း…တော်ပြီ ထင်တယ် ခန့် မြက်လဲကုန်သလောက်ဖြစ်နေပြီ ညနေအေးမှ ပဲ…’

‘ကျွန်တော် အခု မေမေနဲ့ ကော်ဖီလိုက်သောက်မယ်။ ဒါပေမယ့် နေမမြင့်ခင်အထိတော့ မြောင်းပေါက်ဦးမယ်’

မေမေက သူ့လက်ထဲမှ ပေါက်တူးကိုယူကာ ထွန်းခြစ်နှင့်ယှဉ်တွဲထောင်လိုက်သည် ။

‘ဖြည်းဖြည်းပေါ့ခန့် တစ်နေ့တည်းနဲ့ ပုဂံတည်လို့ ရလား’

မေမေက သူ့နဖူးမှ ချွေးလေးများကို ချစ်စနိုးလှမ်းသပ်ရင်း ပြောလိုက်သည် ။

သူကလည်း ပြုံးကာ…

'အချိန်နှင့်ဒီရေဟာ လူကိုမစောင့်ဘူးတဲ့ မေမေ၊ အချိန်ရှိသရွေ့ လုပ်နိုင်ခါမှ မကြာခင် စိမ်းလန်းစိုပြည်လာမှာ မဟုတ်လား'

'ဟုတ်ပ့ါ ဟုတ်ပ့ါ…ဒါပေမယ့် ဘယ်အရာမဆို မျှမျှတတဟာအကောင်းဆုံးပဲမို့ ခန့် မေမေနဲ့ အခုလိုက်ခဲ့ဦး'

မေမေက သူ၏ ချွေးစော်နံနေသော ခန္ဓာကိုမရွံ့မရှာ ဖက်ကာ ခေါ်ခဲ့လေသည် ။

သူ့အရပ်ကြီး မေမေ့အား မိုးနေပြီ။

သူသဘောကျစွာရယ်လျက်…

'မေမေက ကျွန်တော်တို့ အိမ်မှာ အရွယ်ငယ်ဆုံးဖြစ်ပြီမို့ ကျွန်တော်တို့ ရဲ့ ညီမထွေးလေး ဖြစ်သွားပြီနော်'

'ဟုတ်ကဲ့ ကိုကိုဦး၊ နောက်မှ လဲ မွေးသေး မိဦးအခေါ်ခံချင်တဲ့ ကိုကိုဦးပဲ'

မေမေက သဘောကျစွာ ရယ်လေသည် ။

သူ့ရဲ့ မျက်လုံးက အမှတ်မထင် ဟိုဘက်ခြံသို့ရောက်သွားသည် ။ စိတ်ထဲက အလိုလိုသိနေသည် က သူမတို့ သစ်ခွရုံဘေး၌ ရှိနေသော ခွေးကလေးနှင့် စကပ်ဘောင်းဘီ၏ အစွန်းက တလှုပ်လှုပ်။

'ယင်မနား'လေးက ကိုယ့်ကို စိတ်ဝင်စားနေတယ်ပေ့ါ ဟုတ်လား' ဟု စိတ်အတွင်းကျိတ်မေးလိုက်မိသည် ။

***